JOSAI UNIVERSITY

ဂျိုးဆိုင်းတက္ကသိုလ်

# ဂျိုးဆိုင်းတက္ကသိုလ်အထူးသင်တန်း ကျောင်းသားခေါ်ယူခြင်းလမ်းညွှန်ချက်များ

## 2026 ခုနှစ် (ပြည်ပလျှောက်လွှာရှင်သုံး)

**ဂျပန်ယဉ်ကျေးမှုအထူးပြုသင်တန်း**

**ဂျပန်ဘာသာစကားအထူးပြုသင်တန်း**


စုံစမ်းမေးမြန်းရန် - ဂျိုးဆိုင်းတက္ကသိုလ်ဝင်ခွင့်စာမေးပွဲဌာန

TEL/FAX 049-271-7711 / 049-286-4477

TEL/FAX +81-49-271-7711/+81-49-286-4477(ပြည်ပ)

E-mail : nyushika@stf.josai.ac.jp

ဂျိုးဆိုင်းတက္ကသိုလ် နိုင်ငံတကာဌာန အထူးသင်တန်းရုံးခန်း

TEL/FAX 049-271-7791 / 049-271-7981

TEL/FAX +81-49-271-7791/+81-49-271-7981(ပြည်ပ)

E-mail : bekka@josai.ac.jp

စာတိုက်သေတ္တာအမှတ် 350-0295 ဆိုင်းတမခရိုင်ဆခဒိုမြို့ခဲ့ယခိဒိုင်း1-1

(တက္ကသိုလ်) https://www.josai.ac.jp

(အထူးသင်တန်း) https://www.josai.ac.jp/bekka/

## ရာဇဝင်

၁၉၈၈ခုနှစ် ဧပြီလ၊ ဂျိုးဆိုင်းတက္ကသိုလ်သည် ယနေ့ကမ္ဘာနှင့်ဂျပန်နိုင်ငံ၏အပြန်အလှန်အသိအမှတ်ပြုမှုနှင့် နားလည်မှုတို့ကိုနက်ရှိုင်းစေရန်အတွက် နိုင်ငံတကာယဉ်ကျေးမှုပညာရေးစင်တာ၌ ဂျပန်ယဉ်ကျေးမှုအထူးပြု သင်တန်းကိုတည်ထောင်ခဲ့ပါသည်။ ၁၉၉၀ပြည့်နှစ် ဧပြီလ၊ ထိုသင်တန်းကိုပြန်လည်ပြင်ဆင်ပြီး ယခုလက်ရှိ ဂျိုးဆိုင်းတက္ကသိုလ်အထူးသင်တန်းအဖြစ်ပြုလုပ်ခဲ့ပါသည်။

## သင်တန်း

**(ဂျပန်ယဉ်ကျေးမှုအထူးပြုသင်တန်း)** သင်တန်းကာလ ၁ နှစ်

ဤသင်တန်းသည် ဂျပန်လူ့ဘောင်အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုကိုနားလည်ပြီး နိုင်ငံတကာတွင်ပါဝင် လှုပ်ရှားဆောင်ရွက်နိုင်သူဖြစ်လာစေရန်ရည်ရွယ်သော ပညာတော်သင်ကျောင်းသားများအတွက် ဖွင့်လှစ်ခဲ့ ပါသည်။ ဂျပန်လူ့ဘောင်အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုနှင့်သက်ဆိုင်သည့်အဓိကဘာသာရပ်များကို စုစည်းသင်ယူ ရမည်ဖြစ်သည်။

သင်တန်းကို အဓိကဘာသာရပ်နယ်ပယ်အသီးသီးမှ ဆရာ/ဆရာမများဖြင့် ပြုလုပ်သွားပါမည်။ သင်တန်းပြီးဆုံးသွားသူအများစုသည် ကမ္ဘာ့လူ့ဘောင်အဖွဲ့အစည်းတွင်ပါဝင်ဆောင်ရွက်လျက်ရှိနေကြသည်။

**(ဂျပန်ဘာသာစကားအထူးပြုသင်တန်း)** သင်တန်းကာလ ၁ နှစ်

ဤသင်တန်းသည် ဂျပန်တက္ကသိုလ်များ၊ သက်မွေးပညာသင်ကျောင်းများသို့ ဆက်တက်ရန်ရည်ရွယ်ထား သူများကို ဂျပန်ဘာသာစကားကို စနစ်တကျသင်ယူစေကာ ဂျပန်ဘာသာစကားဖြင့် သင်ရိုးညွှန်းတမ်းများကို လိုက်နိုင်စေရန်အခြေခံကျသည့်စွမ်းရည်ကို ပြုစုပျိုးထောင်ခြင်းကိုဦးတည်ပါသည်။ သင်တန်းကို ဂျပန်ဘာသာ စကားပညာရှင်များကတာဝန်ယူပေးမည်ဖြစ်သည်။

# ဝင်ခွင့်မူဝါဒ(ကျောင်းသားသစ်လက်ခံမည့်အခြေခံမူ)

အထူးသင်တန်းများဖြစ်သည့်ဂျပန်ယဉ်ကျေးမှုအထူးပြုသင်တန်းနှင့် ဂျပန်ဘာသာစကားအထူးပြုသင်တန်းများတွင် ဤတက္ကသိုလ်တည်ထောင်ခြင်း၏ ရည်မှန်းချက်သဘောထားကိုအခြေခံကာ နိုင်ငံတကာလူ့ဘောင်အဖွဲ့အစည်း၌ အထောက်အကူပြုမည့် လှုပ်ရှားဆောင်ရွက်မှုများ၏ အခြေခံဖြစ်လာမည့် အမျိုးမျိုးသောစွမ်းရည်များကို လေ့လာမှတ်သားကြမည့် အောက်ဖော်ပြပါကဲ့သို့သော ကျောင်းသားသစ်များကို ရှာဖွေနေပါသည်။

## (ဂျပန်ယဉ်ကျေးမှုအထူးပြုသင်တန်း)

- ကွဲပြားခြားနားသည့်ယဉ်ကျေးမှုများကို ပိုင်နိုင်စွာနားလည်ပြီးလေ့လာစဉ်းစားမည့် လွတ်လပ်စွာကိုယ်ပိုင်တွေးခေါ်ပြုမူသူများနှင့် စိတ်အားထက်သန်မှုရှိသူများ
- မျက်မှောက်လူ့ဘောင်အဖွဲ့အစည်းတွင် ပြဿနာအသီးသီးကိုဖြေရှင်းရန်ရင်ဆိုင်လုံးပန်းလိုစိတ်ရှိသူများ
- ပြောဆိုဆက်သွယ်မှုစွမ်းရည်၊ သတင်းအချက်အလက်စီမံမှုစွမ်းရည်မြှင့်တင်ခြင်းကိုလိုလားသူများ

## (ဂျပန်ဘာသာစကားအထူးပြုသင်တန်း)

- ဂျပန်နိုင်ငံ၌ အဆင့်မြင့်ပညာရေးအခန်းကဏ္ဍများသို့ ကျောင်းဆက်တက်ရန်ကိုရည်မှန်းနေသူများ
- အတတ်ပညာရပ်ဆိုင်ရာ ဂျပန်ဘာသာစကားကိုသင်ယူမှတ်သားပြီး လက်တွေ့အသုံးပြုလိုသူများ
- ကွဲပြားခြားနားသည့်ယဉ်ကျေးမှုများကိုသင်ယူမည့် လွတ်လပ်စွာကိုယ်ပိုင်တွေးခေါ်ပြုမူသူများနှင့် ရှေ့ဆက်လုပ်ဆောင်လိုစိတ်ရှိသူများ

# မာတိကာ


လျှောက်လွှာခေါ်ယူသည့်သင်တန်းနှင့်လူဦးရေ၊ လျှောက်ထားရာတွင်
လိုအပ်သည့်အရည်အချင်းများ၊ လျှောက်ထားရမည့်အစီအစဉ်များ ························ p.1

ကျောင်းဝင်ခွင့်စာမေးပွဲအစီအစဉ်··················································· p.3

ကျောင်းဝင်ခွင့်စစ်ဆေးခ၊ လျှောက်လွှာတင်ရန်နည်းလမ်း၊ လျှောက်လွှာတင်
ရမည့်စာရွက်စာတမ်းများ၏ သတိပြုရမည့်အကြောင်းအရာများ ···························· p.4

လျှောက်လွှာတင်ရမည့်စာရွက်စာတမ်းများ············································ p.6

ကျောင်းဝင်ခွင့်စစ်ဆေးခပြည်ပငွေလွှဲလိပ်စာ········································ p.9

စစ်ဆေးရွေးချယ်နည်း၊ အောင်စာရင်း·················································· p.10

ကျောင်းဝင်လုပ်ငန်းစဉ်များ·························································· p.11

ကျောင်းစရိတ်စသည့်ငွေပေးချေမှုများ၏ ပြည်တွင်းငွေပေးချေမှု ငွေလွှဲရန်ဘဏ်လိပ်စာ·········· p.13

ကျောင်းစရိတ်စသည့်ငွေပေးချေမှုများ၏ ပြည်ပငွေပေးချေမှု ပြည်ပငွေလွှဲနည်း·················· p.14

ကျောင်းဝင်ခြင်းကိုစွန့်လွှတ်ခြင်းနှင့် ကျောင်းစရိတ်စသည့်ပေးချေထားသည့်ငွေပြန်
အမ်းခြင်း၊ ကိုယ်ရေးကိုယ်တာအချက်အလက်များကိုင်တွယ်ခြင်းနှင့်စပ်လျဉ်း၍················ p.16

## 【လျှောက်လွှာခေါ်ယူသည့်သင်တန်းနှင့်လူဦးရေ】

| သင်တန်း | လျှောက်လွှာခေါ်ယူသည့်လူဦးရေ |
|---|---|
| ဂျပန်ယဉ်ကျေးမှုအထူးပြုသင်တန်း | ၂၀ ဦး |
| ဂျပန်ဘာသာစကားအထူးပြုသင်တန်း | ၅၀ ဦး |

## 【လျှောက်ထားရာတွင်လိုအပ်သည့်အရည်အချင်းများ】

**အောက်ပါသတ်မှတ်ချက်ပြည့်မီသူ**

ဂျပန်ပြည်ပ၌ကျောင်းပညာရေး ၁၂နှစ်သင်ရိုးကိုပြီးဆုံးခဲ့သူများ၊ သို့မဟုတ် ၎င်းနှင့်ကိုက်ညီသူဖြစ်ပြီး ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနများ၌ခန့်အပ်ထားသူများ။

**≪ ဂျပန်ယဉ်ကျေးမှုအထူးပြုသင်တန်း ≫**

ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ N2 အောင်မြင်ထားသူများ သို့မဟုတ် ၎င်းနှင့်ညီမျှသည့် (စာသင်ချိန် နာရီပေါင်း ၆၀၀)နှင့်အထက် ဂျပန်ဘာသာအရည်အချင်းရှိသူများ။

※ ဂျပန်ပြည်တွင်းရှိဂျပန်ဘာသာပညာရေးအဖွဲ့အစည်းများ၌ သင်ယူခဲ့သည့်ကာလကိုမမေးပါ။

**≪ ဂျပန်ဘာသာစကားအထူးပြုသင်တန်း ≫**

ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ N5 အောင်မြင်ထားသူများ သို့မဟုတ် ၎င်းနှင့်ညီမျှသည့် (စာသင်ချိန် နာရီပေါင်း ၁၅၀)နှင့်အထက် ဂျပန်ဘာသာအရည်အချင်းရှိသူများ။

※ ဂျပန်ပြည်တွင်းရှိဂျပန်ဘာသာပညာရေးအဖွဲ့အစည်းများ၌ သင်ယူခဲ့သည့်ကာလသည် ဤတက္ကသိုလ်ကိုဝင်ချိန်တွင် ၁နှစ် မပြည့်ရ။

## 【လျှောက်ထားရမည့်အစီအစဉ်များ】

လျှောက်လွှာတင်ရမည့်ကာလ - စာမျက်နှာ 3 ကို ကိုးကားရန်

လျှောက်လွှာတင်ရမည့်နည်းလမ်း - စာမျက်နှာ 4 ကို ကိုးကားရန်

လျှောက်လွှာတင်ရမည့်စာရွက်စာတမ်းများ - စာမျက်နှာ 6 ကို ကိုးကားရန်

**<လျှောက်လွှာမတင်မီသတိပြုရမည့်အကြောင်းအရာများ>** အောက်ပါတို့အနက်တစ်ခုခု၌အကျုံးဝင်သူသည် လျှောက်လွှာမတင်မီဆက်သွယ်အကြောင်းကြားပါ။

※ယခင်ကဂျပန်နိုင်ငံတွင်နေထိုင်ခွင့်အရည်အချင်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားရာ၌ ခွင့်ပြုချက် မရခဲ့သည့်ရာဇဝင်ရှိသူများသည် လျှောက်လွှာတင်ရမည့်ကာလမစတင်မီ ကြိုတင်စိစစ်ခြင်းကိုပြုလုပ်မည်ဖြစ်ပါသဖြင့် ဆက်သွယ်အကြောင်းကြားပါ။ (နိုင်ငံတွင်းသို့အသစ်ဝင်ရောက်မည့်သူများအတွက်)

※စိတ်နှင့်ခန္ဓာရှိအချို့သောရောဂါများ၊ မသန်စွမ်းမှု၊ ဓာတ်မတည့်မှုစသည်တို့ရှိပြီး ဝင်ခွင့်စာမေးပွဲဖြေဆိုသည့်အခါ၊ ထို့အပြင်ကျောင်းတက်သည့်အခါ၌ အထူးစာနာထောက်ထားမှုကိုလိုအပ်သူများသည် ဤတက္ကသိုလ်၏သင်ယူလေ့လာရမည့်အကြောင်းအရာများ၊ ထောက်ပံ့မှုစနစ်များ၊ အဆောက်အအုံနှင့် ပစ္စည်းကိရိယာများစသည်တို့၌ လိုက်လျောညီထွေတုံ့ပြန်နိုင်ခြေရှိမရှိကို ကြိုတင်ညှိနှိုင်းရန်အတွက် ကျောင်းဝင်ခွင့်စစ်ဆေးခမပေးသွင်းမီ ဝင်ခွင့်စာမေးပွဲဌာနသို့ တိုင်ပင်ဆွေးနွေးပါ။

## 【ကျောင်းဝင်ခွင့်စာမေးပွဲအစီအစဉ်】

### ○နွေဦးကာလကျောင်းဝင်ခွင့်စာမေးပွဲ

### ပြည်ပတွင်နေထိုင်သူများ

| | လျှောက်လွှာ တင်ရန်ကာလ | စစ်ဆေး ရွေးချယ်မည့်နေ့ | စာမေးပွဲရလဒ် အကြောင်းကြားစာပို့မည့်နေ့ | ကျောင်းဝင်လုပ်ငန်းစဉ်များ နောက်ဆုံးထားလုပ်ရမည့်ရက် |
|---|---|---|---|---|
| 1 | 2025ခုနှစ်8လ25ရက်(Mon) ~9လ11ရက်(Thu) | 9လ22ရက်(Mon) | 9လ30ရက်(Tue) | 10လ22ရက်(Wed) |
| 2 | 2025ခုနှစ်10လ6ရက်( Mon) ~11လ5ရက်(Wed) | 11လ15ရက်(Sat) | 11လ20ရက်(Thu) | 12လ11ရက်(Thu) |

### ○ဆောင်းဦးကာလကျောင်းဝင်ခွင့်စာမေးပွဲ

### ပြည်ပတွင်နေထိုင်သူများ

| | လျှောက်လွှာ တင်ရန်ကာလ | စစ်ဆေး ရွေးချယ်မည့်နေ့ | စာမေးပွဲရလဒ် အကြောင်းကြားစာပို့မည့်နေ့ | ကျောင်းဝင်လုပ်ငန်းစဉ်များ နောက်ဆုံးထားလုပ်ရမည့်ရ က် |
|---|---|---|---|---|
| 1 | 2026ခုနှစ်3လ16ရက်(Mon) ~4လ2ရက်(Thu) | 4လ12ရက်(Sun) | 4လ16ရက်(Thu) | 5လ12ရက်(Tue) |
| 2 | 2026ခုနှစ်4လ6ရက်(Mon) ~4လ24ရက်(Fri) | 5လ9ရက်(Sat) | 5လ14ရက်(Thu) | 6လ4ရက်(Thu) |

< သတိပြုရမည့်အကြောင်းအရာ >

※ စုံစမ်းမေးမြန်းရန်ကောင်တာသည် တက္ကသိုလ်အချိန်စာရင်းပေါ်မူတည်ပြီး ကျောင်းပိတ်ရက်ဖြစ်သည့်အခါလည်း ရှိသည့်အတွက် ဖုန်းဖြင့်ဖြစ်စေကြိုတင်၍အတည်ပြုပြီးသည့်နောက်မှ ကျောင်းသို့လာရောက်ပါ။

※ လျှောက်လွှာခေါ်ယူခြင်းလမ်းညွှန်ချက်များတွင် ဖော်ပြထားသောနေ့ရက်အချိန်များအားလုံးသည် ဂျပန်အချိန်များဖြစ်ပါသည်။

## 【ကျောင်းဝင်ခွင့်စစ်ဆေးခ】

### ယန်း 25,000

ငွေပေးချေရန်နည်းလမ်း - ကိုယ်စားဆောင်ရွက်ပေးမည့်သူက ဂျိုးဆိုင်းတက္ကသိုလ်၌ ငွေပေးချေမှု အထောက်အထားလက်မှတ်ကိုဝယ်ယူခြင်း၊ သို့မဟုတ် ပြည်ပမှငွေလွှဲခြင်း (ပြည်ပမှငွေလွှဲလိပ်စာ p.9)

<သတိပြုရမည့်အကြောင်းအရာ>

※ ပြည်ပမှငွေလွှဲသည့်အခါ ဝန်ဆောင်ခအမျိုးမျိုး(ငွေလွှဲခ၊ ငွေလက်ခံခစသည်တို့)သည် လျှောက်ထားသူက အကုန်အကျခံရမည်ဖြစ်သည်။

※ ငွေပို့သည့်အခါတွင် ငွေပို့သူအမည်သည် တက္ကသိုလ်ဘက်ကနားလည်အောင်လုပ်ဆောင်ပေးရမည်။

※ ငွေလွှဲခများနုတ်ယူခံရသည့်အခါ၌ ကျောင်းဝင်ခွင့်စစ်ဆေးခမလုံလောက်တော့သည့်အခါတွင် လျှောက်လွှာတင်ခွင့်အရည်အချင်းပြည့်မီမှုဆုံးရှုံးပါမည်။

※ ကိုယ်စားဆောင်ရွက်ပေးသူက လျှောက်လွှာစာရွက်စာတမ်းများကိုယူဆောင်လာသည့်အခါ၌ ထိုနေ့တွင် ဤတက္ကသိုလ်၌ ငွေပေးချေမှုအထောက်အထားလက်မှတ်ကို ဝယ်ယူရပါမည်။
(ငွေသားပေးချေခြင်း သို့မဟုတ် QR ကုတ်၊ အီလက်ထရွန်နစ်ငွေပေးချေမှု)

## 【လျှောက်လွှာတင်ရန်နည်းလမ်း】

**စာတိုက်မှပေးပို့ခြင်း(လျှောက်လွှာတင်ရန်ကာလအတွင်းအချိန်မီရောက်ရန်)နှင့်**

**ဝင်ခွင့်စာမေးပွဲဌာနစုံစမ်းမေးမြန်းရန်ကောင်တာတွင်လျှောက်လွှာတင်ခြင်း**

≪စာတိုက်မှပေးပို့ခြင်းဖြင့် ပြည်ပမှ လျှောက်လွှာတင်သည့်အခါ≫

စာတိုက်မှပေးပို့ရန်လိပ်စာ - Josai University Entrance Examination Office
1-1 keyakidai, Sakado-shi, Saitama-ken, JAPAN、350-0295
TEL: +81-49-271-7711

≪ဝင်ခွင့်စာမေးပွဲဌာနစုံစမ်းမေးမြန်းရန်ကောင်တာတွင်လျှောက်လွှာတင်သည့်အခါ≫

လျှောက်လွှာတင်ရမည့်လိပ်စာ - စာတိုက်သေတ္တာအမှတ် 350-0295 ဆိုင်းတမခရိုင်ဆခဒိုမြို့ခဲ့ယခိဒိုင်း1-1
ဂျိုးဆိုင်းတက္ကသိုလ်ဝင်ခွင့်စာမေးပွဲဌာန

လက်ခံမည့်အချိန် - 9:00နာရီ~ 11:00နာရီ၊ 12:30 နာရီ~ 17:00နာရီ

(စနေ၊ တနင်္ဂနွေနှင့် နိုင်ငံတော်ရုံးပိတ်ရက်များမပါဝင်ပါ။)

## 【လျှောက်လွှာတင်ရမည့် စာရွက်စာတမ်းများ၏သတိပြုရမည့်အကြောင်းအရာများ】

・အသိအမှတ်ပြုလက်မှတ်များသည် မိခင်ဘာသာစကားအပြင် အင်္ဂလိပ်ဘာသာဖြင့်ရေးသားဖော်ပြထားပြီး ထုတ်ပေးသည့်နေ့မှစ၍ ၃လအတွင်းသက်တမ်းရှိသည်များကို တင်ပြရမည်။

・အသိအမှတ်ပြုလက်မှတ်များသည် အခြေခံမူအားဖြင့်ထုတ်ပေးသူရာထူး၊ အမည်၊ ထုတ်ပေးသည့်အဖွဲ့အစည်း၊ တည်ရှိရာနေရာဒေသ၊ ဖုန်းနံပါတ်များရေးသွင်းဖော်ပြထားကာ လက်မှတ်(တံဆိပ်တုံးလည်းရ) ပါရှိရမည်။

・လျှောက်လွှာစာရွက်စာတမ်းများနှင့် ကျောင်းဝင်ခွင့်စစ်ဆေးခများကို ပြန်လည်ပေးအပ်မည်မဟုတ်ပါ။

・လျှောက်လွှာစာရွက်စာတမ်းများအနက် တစ်ကြိမ်ထက်ပို၍ပြန်လည်ထုတ်ပေးခြင်းမရှိနိုင်သည့်အရာများကိုသာ မူရင်းကိုပြန်လည်ပေးအပ်ပါမည်။

・လျှောက်လွှာစာရွက်စာတမ်းများဇယားတွင် ရေးသားဖော်ပြထားသည့်စာရွက်စာတမ်းများအပြင် ထပ်တိုးစာရွက်စာတမ်းများတင်ပြရန် တောင်းဆိုသည့်အခါမျိုးလည်းရှိပါသည်။

・လျှောက်လွှာစာရွက်စာတမ်းများ၌ လိမ်လည်၍ရေးသားဖော်ပြခြင်းနှင့် လိမ်လည်လျှောက်ထားခြင်းစသည့် ဖြစ်ရပ်များရှိသည့်အခါ ကျရှုံးသည်ဟုသတ်မှတ်ပါမည်။

・လျှောက်ထားပြီးသည့်နောက်ပိုင်း ရေးသွင်းထားသည့်အကြောင်းအရာများပြောင်းလဲခြင်းကိုအသိအမှတ်မပြုပါ။

・ပြည်ပမှလျှောက်လွှာစာရွက်စာတမ်းများကို စာတိုက်မှပေးပို့သည့်အခါ EMSစသည့် ပြန်လည်ခြေရာခံရှာဖွေနိုင်မည့်ပေးပို့နည်းဖြင့် ပေးပို့ပါ။

・လျှောက်လွှာစာရွက်စာတမ်းများနှင့်ပတ်သက်၍ ကာယကံရှင်၊ ရေးသားဖော်ပြသူ၊ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရာနေရာစသည်တို့ထံ ဖုန်းဖြင့်ဖြစ်စေအကြောင်းအရာအတည်ပြုခြင်းကို ပြုလုပ်ခြင်းမျိုးလည်း ရှိပါသည်။

・လျှောက်လွှာစာရွက်စာတမ်းများဇယားတွင် ရေးသားဖော်ပြထားသည့်စာရွက်စာတမ်းများ၌ အကျုံးမဝင်သည့်အခါတွင် အထူးသင်တန်းရုံးခန်းသို့ တိုင်ပင်ဆွေးနွေးပါ။

≪စုံစမ်းမေးမြန်းရန်နေရာ≫ အထူးသင်တန်းရုံးခန်း - bekka@josai.ac.jp / +81-49-271-7791

## 【လျှောက်လွှာတင်ရမည့်စာရွက်စာတမ်းများ】

(※)ပြထားသည့် လျှောက်လွှာပုံစံသည် ဤကျောင်း၏သတ်မှတ်ထားသည့်ပုံစံဖြစ်သည်။ အထူးသင်တန်းဝဘ်ဆိုဒ်ကနေ ဒေါင်းလုဒ်ရယူပါ။

**(1)ကာယကံရှင်(ကျောင်းဝင်ခွင့်လျှောက်ထားသူ)က ပြင်ဆင်ရမည့်စာရွက်စာတမ်းများ**

| | တင်ပြရမည့်စာရွက်စာတမ်းများ | အထူးရည်ညွှန်းသည့်အကြောင်းအရာ |
|---|---|---|
| 1 | အထောက်အထားပြဓာတ်ပုံ ပုံစံတူ ၄ ပုံ | ・အလျား ၄ စင်တီမီတာ× အနံ ၃ စင်တီမီတာ၊ တစ်ပုံကို ကျောင်းဝင်ခွင့်လျှောက်လွှာပုံစံတွင်ကပ်ရန်<br>・မျက်နှာအတည့်ကိုယ်တစ်ပိုင်းပုံ၊ ဦးထုပ်မပါ၊ နောက်ခံရှုခင်းမပါ၊ ရောင်စုံဓာတ်ပုံ၊ ၃လအတွင်းရိုက်ကူးထားသည့်ပုံ |
| 2 | ကျောင်းဝင်ခွင့်လျှောက်လွှာပုံစံ(※) | ・လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ရေးသွင်းရန် |
| 3 | နိုင်ငံခြားသားပညာတော်သင်ကျောင်းသား စစ်တမ်းကောက်စာရွက်(※) | ဤကျောင်း၏သတ်မှတ်ပုံစံစာရွက် |
| 4 | ပညာတော်သင်ရခြင်းရည်ရွယ်ချက်(※) | ဤကျောင်း၏သတ်မှတ်ပုံစံစာရွက် |
| 5 | ကျန်းမာရေးစစ်ဆေးမှုစာရွက်(※) | ဤကျောင်း၏သတ်မှတ်ပုံစံစာရွက်<br>ဂျပန်နိုင်ငံသို့မဝင်ရောက်မီ တီဘီရောဂါစစ်ဆေးမှုလိုအပ်သည့်နိုင်ငံသည် သတ်မှတ်ထားသည့်ဆေးဘက်ဆိုင်ရာအဖွဲ့အစည်း၏ တီဘီရောဂါကင်းစင်ကြောင်းထောက်ခံချက်ပါတင်ပြရန်<br>(အသေးစိတ်ကို ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၌ သီးခြားစစ်ဆေးအတည်ပြုပါ။) |
| 6 | နိုင်ငံကူးလက်မှတ်<br>(မိတ္တူ၊ ရှိထားသူသာ) | မည်သူမည်ဝါဖြစ်ကြောင်းပါရှိသည့်စာမျက်နှာနှင့်၊ အသုံးပြုထားသည့် စာမျက်နှာအားလုံး |
| 7 | ကျောင်းဆင်းလက်မှတ်(မူရင်းနှင့်မိတ္တူ) | နောက်ဆုံးတက်ခဲ့သည့်ကျောင်း၊ စာအုပ်အသေးပုံစံကျောင်းဆင်းလက်မှတ် ဖြစ်လျှင် မျက်နှာဖုံးစသည်တို့၏ မိတ္တူကိုပါ တင်ပြရန် |
| 8 | အမှတ်စာရင်းအထောက်အထားလက်မှတ်<br>(မူရင်းနှင့်မိတ္တူ) | နောက်ဆုံးတက်ခဲ့သည့်ကျောင်း<br>〇တရုတ်နိုင်ငံ၏စုပေါင်းဖြေဆိုရသည့်စာမေးပွဲ(တက္ကသိုလ်ဝင်စာမေးပွဲ) ဖြေဆိုသူများသည် ရမှတ်များရေးသားဖော်ပြထားသည့်အသိအမှတ်ပြု လက်မှတ်ကိုပါတင်ပြရန် |

| | | |
|---|---|---|
| 9 | ဘွဲ့လက်မှတ်(မူရင်းနှင့်မိတ္တူ) သို့မဟုတ် ပညာရေးရာဇဝင်အသိအမှတ်ပြုအစီရင်ခံစာ (မူရင်းနှင့်မိတ္တူ) | ・ကောလိပ်၊ တက္ကသိုလ်၊ ဘွဲ့လွန်ကျောင်းဆင်းများသည်ဘွဲ့လက်မှတ်မူရင်း<br>・ကျောင်းတက်ဆဲဖြစ်ပါက ဘွဲ့ထောက်ခံစာနှင့်ကျောင်းတက်နေကြောင်း ထောက်ခံစာ<br>〇တရုတ်နိုင်ငံတွင်ကျောင်းပြီးထားသူများသည် ပညာရေးရာဇဝင်စသည့် အသိအမှတ်ပြုအစီရင်ခံစာ(CHSI,CDGDC)မူရင်းများလည်းရသည်။ |
| 10 | ဂျပန်ဘာသာစကားသင်ယူလေ့လာခဲ့သည့် ရာဇဝင်အထောက်အထားစာရွက်(မူရင်း) | ・ဂျပန်ဘာသာစကားသင်တန်းကျောင်းဆင်းများသည်<br>①အတန်းတက်ချိန်ရာခိုင်နှုန်း(သင်ယူလေ့လာချိန်စုစုပေါင်းဖော်ပြပါရှိရမည်)၊ ②ရမှတ်၊ ③သင်တန်းဆင်း(ပြီးဆုံးကြောင်း) သို့မဟုတ် သင်တန်း (ပြီးဆုံးတော့မည့်အကြောင်း) ထောက်ခံနိုင်သည့်အရာကိုတင်ပြရန်<br>・ဂျပန်ဘာသာစကားသင်တန်းကျောင်းများမှအပ ကိုယ်တိုင်လေ့လာခဲ့သည့်အခါတွင် သီးခြားစာရွက် {ဂျပန်ဘာသာ လေ့လာခဲ့သည့် ရာဇဝင် (※)}ကို တင်ပြရန် |
| 11 | ဂျပန်ဘာသာအရည်အချင်းအသိအမှတ်ပြု လက်မှတ်(မူရင်းနှင့်မိတ္တူ) | အအောင်အရှုံးအထောက်အထားပြလက်မှတ်နှင့် ရမှတ်အကြောင်းကြားစာအသိအမှတ်ပြုလက်မှတ် အောက်ပါတို့အနက်တစ်ခုခု<br>JLPT、BJT、J.TEST、NAT-TEST、STBJ、TOPJ、 J-cert、JLCT、PJC Bridge、JPT<br>※လျှောက်လွှာတင်ရန်အရည်အချင်းကို အထောက်အထားပြနိုင်သည့် စာရွက်စာတမ်းများရှိသည့်အခါ မိမိဆန္ဒဖြင့်တင်ပြရန် |
| 12 | ကိုယ်စားဆောင်ရွက်ပေးသူလက်ခံစာ(※) | ကျောင်းဝင်ခွင့်လျှောက်ထားလိုသူအစား(ကိုယ်စားဆောင်ရွက်ပေးသူ)က စာရွက်စာတမ်းများကိုတင်ပြခြင်း၊ လက်ခံခြင်းပြုသည့်အခါ၌တင်ပြရန် |
| 13 | အလုပ်ဝင်နေကြောင်းအထောက်အထား | လျှောက်လွှာတင်သည့်အချိန်တွင်အလုပ်ဝင်နေသည့်အခါ၌ တင်ပြရန် |

**■ဂျပန်ဘာသာစကားအပြင် အခြားဘာသာစကားဖြင့် လျှောက်လွှာတင်မည့်စာရွက်စာတမ်းများသည် ဂျပန်ဘာသာပြန် (ဘာသာပြန်ဆိုသူ၏လက်မှတ်အပါ) ကို ပူးတွဲတင်ပြပါ။**

## (2)ကုန်ကျစရိတ်ပေးချေမည့်သူကပြင်ဆင်ရမည့်စာရွက်စာတမ်းများ

| | တင်ပြရမည့်စာရွက်စာတမ်းများ | အထူးရည်ညွှန်းသည့်အကြောင်းအရာ |
|---|---|---|
| 1 | ပညာတော်သင်ကုန်ကျစရိတ်ပေးချေစာ (※) | ဤကျောင်း၏သတ်မှတ်ပုံစံစာရွက် |
| 2 | ကုန်ကျစရိတ်ပေးချေမည့်သူနှင့် လျှောက်ထားသူ၏တော်စပ်ပုံကို အထောက်အထားပြသည့်စာရွက်စာတမ်း | ・ကုန်ကျစရိတ်ပေးချေမည့်သူသည် လျှောက်ထားသူ ကာယကံရှင်ကိုယ်တိုင်ဖြစ်ပါက မလိုအပ်ပါ။ ・တရားဝင်အဖွဲ့အစည်းက အထောက်အထားပြထားသည့် စာရွက်စာတမ်း(ဆွေမျိုးတော်စပ်ပုံတရားဝင် အသိအမှတ်ပြုလက်မှတ်၊ သန်းခေါင်စာရင်းစသဖြင့်) |
| 3 | ဘဏ်လက်ကျန်ငွေအထောက်အထားစာရွက်နှင့် ပြီးခဲ့သည့်ဒုနှစ်တာ ရင်းနှီးမြှုပ်နှံမှုဖွဲ့စည်းပုံ လုပ်ငန်းစဉ်ကိုအထောက်အထားပြသည့် စာရွက်စာတမ်း | ဘဏ်လက်ကျန်ငွေပမာဏအထိရောက်ရှိလာသော ဖြစ်စဉ်ကိုအထောက်အထားပြနိုင်သည့်အရာ (ငွေစုစာအုပ်မိတ္တူစသဖြင့်) |
| 4 | အလုပ်အကိုင်ကိုအထောက်အထားပြသည့် စာရွက်စာတမ်း | ・ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ဝန်ထမ်းဖြစ်ကြောင်း အထောက်အထား ・ကိုယ်ပိုင်လုပ်ငန်းဖြစ်ပါက လုပ်ငန်းလိုင်စင်မိတ္တူ၊ လုပ်ငန်းမှတ်ပုံတင်လက်မှတ်စသဖြင့် ・စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၏စီမံခန့်ခွဲသူ ဖြစ်ပါက ကော်ပိုရေးရှင်းမှတ်ပုံတင်လက်မှတ် စသည်တို့၏ မိတ္တူများ |
| 5 | ဝင်ငွေကိုအထောက်အထားပြသည့်စာရွက် စာတမ်း | တရားဝင်အဖွဲ့အစည်းကထုတ်ပေးထားသော လွန်ခဲ့သည့် ၁နှစ်စာဝင်ငွေနှင့် အမြတ်ငွေပမာဏ၊ အခွန်ဆောင်ရသည့်ပမာဏကို ဖော်ပြထားသည့်အရာ |
| 6 | အိမ်ထောင်စုစာရင်း(တရုတ်နိုင်ငံသားများသာ) | မိသားစုဝင်အားလုံး၏အိမ်ထောင်စုစာရင်း (နောက်ဆုံးလုပ်) စာမျက်နှာအားလုံး၏မိတ္တူ |

**■ဂျပန်ဘာသာစကားအပြင် အခြားဘာသာစကားဖြင့် လျှောက်လွှာတင်မည့်စာရွက်စာတမ်းများသည် ဂျပန်ဘာသာပြန် (ဘာသာပြန်ဆိုသူ၏လက်မှတ်အပါ) ကို ပူးတွဲတင်ပြပါ။**

## 【ကျောင်းဝင်ခွင့်စစ်ဆေးခပြည်ပငွေလွှဲလိပ်စာ】

| | |
|---|---|
| ငွေလွှဲရမည့်ဘဏ်<br>Bank Name | မိဆုအိ ဆုမိတို့မို့ဘဏ်<br>SUMITOMO MITSUI BANKING CORPORATION |
| ဘဏ်ခွဲအမည်<br>Branch Name | ဆခဒို့ဘဏ်ခွဲ<br>SAKADOBRANCH |
| ဘဏ်ခွဲလိပ်စာ<br>Branch Address | စာတိုက်သေတ္တာအမှတ် 350-0234 ဆိုင်းတမခရိုင်ဆခဒို့မြို့ မိဒို့ရိချိုး 3-1<br>3-1, MIDORI-CHO, SAKADO-CITY, SAITAMA-PREF, JAPAN |
| ငွေလက်ခံဘဏ်ကုတ်နံပါတ်<br>SWIFT code | SMBCJPJT |
| လက်ခံသူအကောင့်နံပါတ်<br>Remittee Account Number | 058-3249220 |
| လက်ခံသူ<br>Remittee Name<br>Remittee Address<br>Remittee phone Number | ဂျိုးဆိုင်းတက္ကသိုလ်ကျောင်းကော်ပိုရေးရှင်း<br>JOSAIUNIVERSITY<br>1-1, KEYAKIDAI, SAKADO-CITY,SAITAMA-PREF, JAPAN<br>(ငွေစာရင်းဌာန)+ 81-49-271-7717 |
| မှတ်ချက်<br>Remarks | ・(ကျောင်းဝင်ခွင့်စစ်ဆေးခ) သို့မဟုတ် (ကျောင်းဝင်လုပ်ငန်းစဉ်) ဟု ရေးသွင်းရန်<br>APPLICATION FEE or ENTRANCE REGISTRATION |

## 【စစ်ဆေးရွေးချယ်နည်း】

**စာရွက်စာတမ်းစစ်ဆေးရွေးချယ်ခြင်း၊ လူတွေ့မေးမြန်းခြင်းဖြင့်စစ်ဆေးပါမည်။**

※လူတွေ့မေးမြန်းခြင်းသည် အွန်လိုင်းဗီဒီယိုဖုန်းခေါ်ခြင်းကို အသုံးပြုပါမည်။

**—စစ်ဆေးရွေးချယ်မှုအဆင့်ဆင့်—**

1. ဗီဒီယိုဆော့ဖ်ဝဲ(ZOOMစသည်တို့)ကို ကြိုတင်ပြီးဒေါင်းလုဒ်ပြုလုပ်ထားပါ။

↓

2. လူတွေ့မေးမြန်းမည့်အချိန်စသည်တို့၏အသေးစိတ်ကို အီးမေးလ်ဖြင့်ကြိုတင်အသိပေးပါမည်။

↓

3. စစ်ဆေးရွေးချယ်မည့်နေ့မတိုင်မီတစ်ရက်တွင် ချိတ်ဆက်မှုစစ်ဆေးခြင်းကို ပြုလုပ်ပါမည်။

↓

4. စစ်ဆေးရွေးချယ်မည့်နေ့တွင် မစတင်မီ ၅မိနစ်အလို၌ ဖြေဆိုခွင့်လက်မှတ်၊ စာရေးကိရိယာများနှင့် စာရွက်အဖြူအလွတ်တို့ကိုပြင်ဆင်ပြီး အသင့်စောင့်ဆိုင်းနေပါ။

※စစ်ဆေးရွေးချယ်မည့်နေ့တွင် ဂျပန်နိုင်ငံ၌ရောက်ရှိနေသူများသည် ကြိုတင်၍ဆက်သွယ်အကြောင်းကြားပါ။

## 【အောင်စာရင်း】

**စာမေးပွဲရလဒ်အကြောင်းကြားစာပေးပို့ခြင်းနှင့် ဝဘ်ဆိုဒ်တွင်ဖော်ပြ၍ထုတ်ပြန်ပါမည်။**

(1)စာမေးပွဲရလဒ်အကြောင်းကြားစာပေးပို့ခြင်းနှင့်ပတ်သက်၍

အောင်မြင်သည့်သူများကို အောင်မြင်ကြောင်းအသိပေးစာနှင့် ကျောင်းဝင်လုပ်ငန်းစဉ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို စာမေးပွဲရလဒ်အကြောင်းကြားစာပေးပို့သည့်နေ့တွင် ကာယကံရှင် သို့မဟုတ် ကိုယ်စားဆောင်ရွက်သူထံ လိပ်မူ၍ပေးပို့ပါမည်။ ထို့အပြင် ကျရှုံးသည့်သူများထံလည်း ကျရှုံးကြောင်းကိုကာယကံရှင် သို့မဟုတ် ကိုယ်စားဆောင်ရွက်သူထံအသိပေးအကြောင်းကြားပါမည်။

※ဖုန်း၊ စာတိုက်မှတစ်ဆင့်စသည်တို့ဖြင့် စာမေးပွဲရလဒ်စုံစမ်းမေးမြန်းခြင်းကို ဖြေကြားပေးမည်မဟုတ်ပါ။

(2) ဝဘ်ဆိုဒ်တွင်ဖော်ပြခြင်းနှင့်ပတ်သက်၍

အောင်မြင်သူ၏ စာမေးပွဲခုံနံပါတ်ကို ဂျိုးဆိုင်းတက္ကသိုလ်ဝဘ်ဆိုဒ်တွင်ဖော်ပြပါမည်။

ဖော်ပြမည့်အချိန် - အောင်စာရင်းထွက်မည့်နေ့၏ ဂျပန်အချိန်မနက်၁၀နာရီမှ ညနေ၅နာရီ

ဖော်ပြမည့် URL： https://admission.josai.ac.jp/

## 【ကျောင်းဝင်လုပ်ငန်းစဉ်များ】

**အောက်ပါ ① နှင့် ②ကို ကျောင်းဝင်လုပ်ငန်းစဉ်နောက်ဆုံးထားလုပ်ဆောင်ရမည့်နေ့မတိုင်မီ အပြီးသတ်လုပ်ဆောင်ပါ။**

**①ကျောင်းစရိတ်စသည့်ပေးသွင်းရမည့်ငွေစုစုပေါင်း ယန်း**679,000 **တစ်စုတစ်စည်းတည်းပေးသွင်းခြင်း**

**(ငွေလွှဲခ၊ ငွေလက်ခံခများသည် လျှောက်ထားသူကကျခံရမည်။)**

ပြည်တွင်းငွေပေးချေမှု ငွေလွှဲရန်ဘဏ်လိပ်စာ p.13

ပြည်ပငွေပေးချေမှု ပြည်ပငွေလွှဲနည်း p.14

**②ကျောင်းဝင်လုပ်ငန်းစဉ်စာရွက်စာတမ်းများအစုံလိုက်တင်ပြခြင်း**

ကျောင်းဝင်လုပ်ငန်းစဉ်စာရွက်စာတမ်းများအားလုံးကို (ဂျိုးဆိုင်းတက္ကသိုလ်ဝင်ခွင့်စာမေးပွဲဌာန)သို့ တင်ပြပါ။

※နေထိုင်ခွင့်အရည်အချင်းအသိအမှတ်ပြုလက်မှတ်(COE)ထုတ်ပေးပြီးသည့်နောက်တွင် (ကျောင်းဝင်ခွင့်ပြုလက်မှတ်)ကို ထုတ်ပေးပါမည်။

**≪နေထိုင်ခွင့်အရည်အချင်းအသိအမှတ်ပြုလက်မှတ်**(COE)**နှင့်ပတ်သက်၍သတိပြုရန်≫**

ခွင့်ပြုချက်သည်တရားရေးဝန်ကြီးဌာနက ပြုလုပ်ခြင်းဖြစ်သည်။ ထို့ကြောင့်ခွင့်ပြုချက်မရသည့် အခြေအနေနှင့်ပတ်သက်၍ တက္ကသိုလ်သည်တာဝန်ယူပေး၍မရနိုင်ပါ။

နေထိုင်ခွင့်အရည်အချင်းအသိအမှတ်ပြုလက်မှတ် မထုတ်ပေးသည့်အခါတွင် p.16 (ကျောင်းဝင်ခြင်းကိုစွန့်လွှတ်ခြင်းနှင့် ကျောင်းစရိတ်စသည့်ပေးသွင်းထားသည့်ငွေပြန်အမ်းခြင်း)ကို ကိုးကားတိုက်စစ်ကြည့်ကာ လုပ်ငန်းစဉ်များကိုလုပ်ဆောင်ပါ။

<①ကျောင်းစရိတ်စသည့်ပေးသွင်းရန်ငွေစာရင်းဇယားအသေးစိတ်>

| ပေးချေရမည့်သတ်မှတ်ရက် | ခွဲခြားဖော်ပြခြင်း | ပေးချေရမည့်ငွေပမာဏ |
|---|---|---|
| **ကျောင်းဝင်လုပ်ငန်းစဉ်များ လုပ်ဆောင်သည့်အချိန်** | **ကျောင်းဝင်ကြေး (ကျောင်းဝင်ခွင့်လျှောက်ထားကြေး)** | **ယန်း150,000** |
| | **သင်တန်းကြေး** | **ယန်း420,000** |
| | **အဆောက်အအုံနှင့်ပစ္စည်းကိရိယာခ** | **ယန်း100,000** |
| | **မိဘနှင့်ကူညီပံ့ပိုးသူများအသင်း စုပေါင်းထောက်ပံ့စရိတ်(※)** | **ယန်း　9,000** |
| **စုစုပေါင်း** | | **ယန်း 679,000** |

**※မိဘနှင့်ကူညီပံ့ပိုးသူများအသင်း စုပေါင်းထောက်ပံ့စရိတ်သည် ထိခိုက်ဒဏ်ရာရသည့်အခါ အာမခံကြေး စသည်တို့အဖြစ် လွှဲပြောင်းအသုံးပြုပါသည်။**

※ထို့အပြင်ဖတ်စာအုပ်ဖိုးများလိုအပ်သည်။

< ② ကျောင်းဝင်လုပ်ငန်းစဉ်စာရွက်စာတမ်းများ>

| | တင်ပြရမည့်စာရွက်စာတမ်းများ | အထူးရည်ညွှန်းသည့်အကြောင်းအရာ |
|---|---|---|
| 1 | ကျောင်းသားသစ်နံပါတ်စဉ်ကတ် | အောင်မြင်ကြောင်းအသိပေးစာနှင့်အတူ ပုံစံစာရွက်ကို ပေးပို့ပါမည်။ ပုံစံစာရွက်အသီးသီးတွင် လိုအပ်သည့်အကြောင်းအရာများကိုဖြည့်သွင်းပါ။ |
| 2 | ကျန်းမာရေးစီမံခန့်ခွဲမှုကတ် | |
| 3 | ကျောင်းသားကတ်ထုတ်ပေးသည့်ဖြတ်ပိုင်း | |
| 4 | ကတိပြုလွှာ | (ကတိပြုလွှာ)နှင့် (မိဘနှင့်ကူညီထောက်ပံ့သူများအသင်းမှတ်ပုံတင်စာ)တွင် တံဆိပ်တုံးနေရာအသီးသီး၌ တံဆိပ်တုံးနှိပ်ခြင်း သို့မဟုတ် လက်မှတ်ထိုးခြင်းတို့ကိုလုပ်ဆောင်ပါ။ |
| 5 | မိဘနှင့်ကူညီထောက်ပံ့သူများအသင်းမှတ်ပုံတင် | |

※ စာရွက်စာတမ်းမစုံလင်သည့်အရာများ(လုပ်ငန်းစဉ်စာရွက်စာတမ်းများက သတ်မှတ်ရက်မတိုင်မီ မရောက်ရှိခြင်း စသည်တို့အပါအဝင်)ကို လက်ခံမည်မဟုတ်ပါ။

※ အတန်းစတင်သည့်နေ့မတိုင်မီ ဂျပန်နိုင်ငံဝင်ရောက်ခြင်းမပြုနိုင်သည့်အခါတွင် ကျောင်းဝင်ခြင်းကိုပယ်ဖျက်သည့် အခါမျိုးလည်းရှိသည်။

## 【ကျောင်းစရိတ်စသည့်ငွေပေးချေမှုများ၏ ပြည်တွင်းငွေပေးချေမှု】ငွေလွှဲရန်ဘဏ်လိပ်စာ

| | |
|---|---|
| ငွေလွှဲရမည့်ဘဏ် | မိဆုအိ ဆုမိတိုမိုဘဏ် |
| ဘဏ်ခွဲအမည် | ဆခဒိုဘဏ်ခွဲ |
| လက်ခံသူအပ်ငွေအမျိုးအစား၊ အကောင့်နံပါတ် | သာမန် 3249220 |
| လက်ခံသူ | ဂျိုးဆိုင်းတက္ကသိုလ်ကျောင်းကော်ပိုရေးရှင်း |
| သတိပြုရမည့်အကြောင်းအရာ | ငွေလွှဲသူအမည်အကွက်တွင် နာမည်၏ရှေ့၌ (စာမေးပွဲခုံနံပါတ်)ကို ရေးသွင်းရန် |

# 【ကျောင်းစရိတ်စသည့်ငွေပေးချေမှုများ၏ ပြည်ပငွေပေးချေမှု】ပြည်ပငွေလွှဲနည်း

① ပြည်ပမှငွေပေးချေခြင်း

နိုင်ငံတကာငွေလွှဲဝန်ဆောင်မှု {Global Pay for Students}(Convera Japan Co., Ltd.) ၏ ဝဘ်ဆိုဒ်တွင် ဝင်ရောက်ပြီး၊ မျက်နှာပြင်ပေါ် ရှိညွှန်ကြားချက်များကိုလိုက်၍၊ ငွေပေးချေမှုလုပ်ငန်းစဉ်ကို လုပ်ဆောင်ပါ။


ငွေလွှဲချိန်ကနေ တက္ကသိုလ်သို့ငွေရောက်သည်အထိ အချိန်ကြာသည့်အခါမျိုးလည်းရှိသောကြောင့်၊ သတ်မှတ်ရက် မတိုင်မီ အချိန်ပိုထားပြီး ငွေလွှဲခြင်းလုပ်ငန်းစဉ်ကိုလုပ်ဆောင်ပါ။

နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုဝဘ်ဆိုဒ် Global Pay for Students(Convera Japan Co., Ltd.)

URL https://students.convera.com/geo-buyer/josaiacjp#!/

URL QRကုတ်

ဂျိုးဆိုင်းတက္ကသိုလ် HP ထိပ်ဆုံးစာမျက်နှာ → ကျောင်းသားများနေထိုင်မှုဘဝ → ကျောင်းစရိတ်စသည့် ငွေပေးချေမှု → နိုင်ငံတကာငွေပေးချေမှုဝန်ဆောင်မှုဖြင့် ပြည်ပကနေ ကျောင်းစရိတ်ပေးသွင်းခြင်းနှင့် ပတ်သက်၍




【သတိပြုရမည့်အကြောင်းအရာ】

ထိပ်ဆုံးမျက်နှာပြင်၌ ဤစာမျက်နှာပေါ်လာသည့်အခါ အောက်ပါအတိုင်းရွေးချယ်ပါ။

Type country name → **Japan**

Enter institution name → **Josai University**

※Student ID Number or Examinee’s Number ၌ စာမေးပွဲခုံနံပါတ်ကိုဖြည့်သွင်းပါ။

※ငွေပေးချေမှုနည်းလမ်းတွင် ဘဏ်ငွေလွှဲခြင်း(Bank Transfer)ကို ရွေးချယ်လိုက်သည့်အခါတွင်၊ ကျောင်းဝင်လုပ်ငန်းစဉ်နောက်ဆုံးထားလုပ်ဆောင်ရမည့်နေ့မတိုင်မီ ဘဏ်တွင်ငွေလွှဲခြင်းလုပ်ငန်းစဉ်ကိုပြီးမြောက်အောင်လုပ်ဆောင်ပါ။ ထို့အပြင်၊ ငွေလွှဲအချက်အလက်အသေးစိတ်ပါရှိသောပြေစာကို မပျက်မကွက်သိမ်းဆည်းထားပါ။

② ဝန်ဆောင်မှုနှင့်ပတ်သက်၍

URL https://www.josai.ac.jp/media/Pay_your_student_fees_easily_with_Convera_JP.pdf

URL QRကုတ်

③ အချက်အလက်ဖြည့်သွင်းခြင်းနှင့်ပတ်သက်၍

URL https://www.josai.ac.jp/media/HowtomakeatuitionpaymenttoJOSAIUNIVERSITY.pdf

URL QRကုတ်

※(Global Pay for Students) ဖြင့် ငွေပေးချေ၍မရသည့်အခါတွင်၊ ဂျိုးဆိုင်းတက္ကသိုလ်ကို စုံစမ်းမေးမြန်းပါ။

## 【ကျောင်းဝင်ခြင်းကိုစွန့်လွှတ်ခြင်းနှင့် ကျောင်းစရိတ်စသည့်ပေးသွင်းထားသည့်ငွေပြန်အမ်းခြင်း】

1. တရားဝင်အကြောင်းပြချက်ဖြင့်ကျောင်းဝင်ခြင်းကိုစွန့်လွှတ်သည့်အခါ
တရားဝင်အကြောင်းပြချက်အထောက်အထားတင်ပြခဲ့သည့်သူများကို ကျောင်းဝင်ကြေးအပါအဝင် ကျောင်းစရိတ်စသည့်ပေးသွင်းထားသည့်ငွေပမာဏအားလုံးကို ပြန်အမ်းပါမည်။
တိုကျိုလူဝင်မှုကြီးကြပ်ရေးဌာနသို့ လျှောက်ထားခဲ့သည့်ရလဒ် (နေထိုင်ခွင့်အရည်အချင်းအသိအမှတ်ပြု လက်မှတ်) မထုတ်ပေးသည့်အခြေအနေလည်း ဤအချက်တွင်အကျုံးဝင်ပါသည်။

2. ကိုယ်ရေးကိုယ်တာအကြောင်းပြချက်ဖြင့် ကျောင်းဝင်ခြင်းကိုစွန့်လွှတ်သည့်အခါ
အောက်ပါနောက်ဆုံးထားလုပ်ဆောင်ရမည့်ရက်မတိုင်မီ ကျောင်းဝင်ခြင်းကိုစွန့်လွှတ်သည့်လုပ်ငန်းစဉ် စာရွက်စာတမ်းများတင်ပြခဲ့သည့်သူများကို ကျောင်းဝင်ကြေးမှအပ ကျောင်းစရိတ်စသည့်ပေးသွင်း ထားသည့် ငွေများကိုပြန်အမ်းပါမည်။

| | နောက်ဆုံးထားလုပ်ရမည့်ရက် | ပြန်အမ်းမည့်ရက် |
|---|---|---|
| နွေဦးကာလကျောင်းဝင်ခြင်း | 2026ခုနှစ် 3 လ 31 ရက် (Tue)16 နာရီ | 2026ခုနှစ် 4 လ 10 ရက်(Fri)နောက်ပိုင်း |
| ဆောင်းဦးကာလကျောင်းဝင်ခြင်း | 2026ခုနှစ် 8 လ 28 ရက် (Fri)16 နာရီ | 2026ခုနှစ် 9 လ 8 ရက်(Tue)နောက်ပိုင်း |

※ မည်သည့်အခြေအနေဖြစ်စေ လုပ်ငန်းစဉ်စာရွက်စာတမ်းများကို သီးခြားတင်ပြပါ။ ငွေသားဖြင့်ဖြစ်စေ၊ ငွေလဲ၍ဖြစ်စေ စသည်တို့ဖြင့် ငွေပြန်အမ်းခြင်းများမပြုလုပ်နိုင်ပါ။

※ ကျောင်းစရိတ်စသည့် ပေးသွင်းထားသည့်ငွေများကို ပြည်ပသို့ငွေလွှဲ(ပြန်အမ်း)ရသည့်အခါ၌ ကုန်ကျမည့်စရိတ်များသည် လျှောက်ထားသူကကျခံရပါမည်။

## 【ကိုယ်ရေးကိုယ်တာအချက်အလက်များကိုင်တွယ်ခြင်းနှင့်စပ်လျဉ်း၍】

လျှောက်ထားသည့်အခါ၌ အသိပေးထားသည့် အမည်၊ လိပ်စာနှင့် အခြားကိုယ်ရေးကိုယ်တာအချက်အလက် များကို ကျောင်းဝင်ခွင့်စာမေးပွဲကျင်းပခြင်း(လျှောက်လွှာစီမံခြင်း၊ စာမေးပွဲကျင်းပခြင်း)၊ အောင်စာရင်းထုတ်ပြန် ခြင်း၊ ကျောင်းဝင်လုပ်ငန်းစဉ်များနှင့် ထိုအရာများနှင့်ဆက်စပ်နေသည့် လုပ်ငန်းများ (တောင်းဆိုမှုအသီးသီး၊ လမ်းညွှန်စာရွက်စာတမ်းများပေးပို့ခြင်းစသည်တို့) ကို ပြုလုပ်ရန်အတွက်အသုံးပြုပါမည်။ အခြားရည်ရွယ်ချက် များ၌ အသုံးပြုခြင်းမရှိပါ။